# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး

# ၂၇ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄- ၇ - ၂၀၁၄ ]

# (တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၇ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သော နိုင်ငံတော်သမ္မတအား တပ်မတော်မှ နှစ်စဉ်ပုံမှန် အခမ်းအနားဖြင့် ချီတက်အလေးပြုသောနေ့အား မည်သည့်နေ့ရက်၌ သတ်မှတ်သွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဗိုလ်မှူးသန်းထွန်းမြင့်၊ တပ်မတော်သား ကိုယ်စားလှယ်၏ **တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် Mobile Team အရေအတွက် တိုးချဲ့ဖွဲ့စည်းသွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးပေါ်လှုံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **သွားလာရေးခက်ခဲသော ဒေသအသီးသီးတွင် လေယာဉ်ကွင်းကြီးများအစား ခရီးသည်တင် ရဟတ်ယာဉ် နှင့် လေယာဉ်ငယ်များ အသုံးပြုနိုင်မည့် လေယာဉ်ကွင်းငယ်များ ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဃ ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ရန်ကုန် - နေပြည်တော် - မန္တလေး အဝေးပြေးလမ်းမကြီးကို အသုံးပြု၍ သွားလာနေကြသော ယာဉ်များ၏ ယာဉ်မောင်းများ ၊ ယာဉ်နောက်လိုက်များ ၊ ၄င်းတို့ကို ကြီးကြပ်တာဝန်ပေးသော ယာဉ်လိုင်းတာဝန်ရှိသူများနှင့် ဌာနတာဝန်ရှိသူများ သာမက အာမခံအဖွဲ့အစည်းကပါ ယာဉ်၊ စက်၊ လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ အထောက်အထား စစ်ဆေးကြပ်မတ်မှုများ မည်သို့စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **လက်ပံတန်း- သာရဝေါ မီးရထားလမ်းပေါ်ရှိ ခိုင်ခံ့မှုအားနည်းနေသော တံတားအချို့အနက် အခြေအနေ စိုးရိမ်ရသော တံတား(၄)စင်းအား စီမံကိန်းချပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ဟုမ္မလင်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် ဖွဲ့စည်းပုံ တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဆ ) ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **တီးတိန်မြို့နယ်၊ မွာလ်ဘင်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **စားသောက်ကုန်ပစ္စည်းများတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသော အဝတ်အထည်ဆိုးဆေးများ၊ အချိုတု(ပါဝါသကြား)နှင့် အနံ့တုများကို ကန့်သတ်ပိတ်ပင်တားမြစ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော "မြစိမ်းရောင်"စီမံကိန်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

(ခ) ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

(ဂ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(ဃ) ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

၇။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပပြုလုပ်သော 6th AIPA Caucus အစည်းအဝေးသို့ တက်ရောက်ခဲ့သော အမျိုးသားလွှတ်တော် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၇ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၈ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။